ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် (၆၃/ ၂၀၂၀)
နေပြည်တော် ၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်

**COVID-19 ကြောင့် အလုပ်ဌာနများ လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၀ နှင့် အညီ ဖြေလျှော့ကင်းလွတ်ခွင့်ပြုခြင်း**

၁။ ကမ္ဘာအနှံ့တွင် ဖြစ်ပွားလျက်ရှိသော Coronavirus Disease 2019 (COVID -19) ကူးစက်ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်လာသော စီးပွားရေးဂယက်များကြောင့် မြန်မာနိုင်ငံရှိ ကုန်ကြမ်းပေး ကုန်ချောယူ လက်ခစားစနစ် (CMP) လုပ်ငန်းလုပ်ကိုင်နေသော စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ အပါအဝင် လုပ်ငန်းဌာနများအနေဖြင့် လုပ်ငန်းလည်ပတ်ရန် ခက်ခဲခြင်းတို့ကြောင့် လုပ်ငန်းများယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်းနှင့် အလုပ်သမားများ လျှော့ချခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ Coronavirus Disease 2019 (COVID -19) ကြောင့် အကြပ်အတည်း အခက်အခဲကြုံတွေ့နေရသည့် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ရှင်များအတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၀ ကိုကျင့်သုံး၍ လုပ်ငန်းဌာနများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြောင်းလဲလာသည့် လူမှုရေးလိုအပ်ချက်များကို ထောက်ရှု၍ ဥပဒေနှင့်အညီ အောက်ဖော်ပြပါတို့ကို ဖြေလျှော့ကင်းလွတ်ခွင့်ပြုလိုက်သည် -

> "အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ကြေးများကို ဥပဒေပုဒ်မ ၁၈ ၊ နည်းဥပဒေ အပိုဒ် ၆၄ တို့အရ **သက်ဆိုင်ရာလ** ကုန်ဆုံးပြီးနောက် လဆန်း ၁၅ ရက် အတွင်း ပေးသွင်းရမည့်အစား သက်ဆိုင်ရာလ ကုန်ဆုံးပြီး ၃ လ ထက် နောက်မကျစေဘဲ ပေးသွင်းရန်၊"

၃။ အထက်ပါ ပြဋ္ဌာန်းချက်များသည် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည် ။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၇၀/ အလ / ခွဲ (၁)၂၀၂၀( ၃၈၅၃ )
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ မတ်လ ၂၀ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ ----------------------------------------------------ဝန်ကြီးဌာန

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ဤဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့ရုံး

(က) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(ခ) လူမှုဖူလုံရေးအဖွဲ့

(ဂ) အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

(ဃ) အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

(င) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

(စ) အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန

(ဆ) ပြည်သူ့အင်အားဦးစီးဌာန

ဤဝန်ကြီးရုံးရှိ ဌာနခွဲများအားလုံး

အမိန့်ကြော်ငြာစာ စာတွဲ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံ ပြန်တမ်းတွင်ထည့်သွင်းကြေညာပေးနိုင်ပါရန် အပိုမိတ္တူ( ၅ )စောင်နှင့်အတူ ပူးတွဲပေးပို့ပါသည်။

သက်ဆိုင်သူများ

ရုံးလက်ခံ/မျှောစာတွဲ

အမိန့်အရ

မျိုးအောင်
အမြဲတမ်းအတွင်းဝန်